ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

**National Community Driven Development Project**

**(NCDDP)**



ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်


Village Development Plan (VDP)

ခံစပ်ကုန်း (နောက်)ကျေးရွာ၊ ဘူးကိုင်းကျေးရွာ အုပ်စု

၂၀၁၇ ခုနှစ် နွားထိုးကြီးမြို့

| မာတိကာ | စာမျက်နှာ |
| --- | --- |
| ၁။မြို့နယ်မြေပုံ | ၁ |
| ၂။ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၂ |
| ၄။ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅။လူထုပူးပေါင်းပါဝင်ဆန်းစစ်ခြင်း | ၇ |
| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ | ၇ |
| ၇။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၈ |
| ၈။ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၉ |
| ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၃၂ |
| ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၄ |
| ၁၁။ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄) | ၃၆ |
| ၁၂။အစည်းဝေးမှတ်တမ်းများ | ၃၇ |
| ၁၃။ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၁ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)

ခံစပ်ကုန်း (နောက်)ကျေးရွာတည်နေရာမှာ- လတ္တီတွတ်၂၁.၄၈ နှင့် လောင်တီတွတ် ၉၅.၅၉ တွင် တည်ရှိပါသည်။

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | ကျားစုစုပေါင်း | မစုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | ဘူးကိုင်းကျေးရွာ အုပ်စု | ဘူးကိုင်း | ၁ဝ၈ | ၂၅ဝ | ၂၇၁ | ဗမာ |
| ၂ | | ခံစပ်ကုန်း (နောက်) | ၃၇၇ | ၁၁ဝဝ | ၁၃ဝဝ | ဗမာ |
| ၃ | | ခံစပ်ကုန်း (ရှေ့) | ၄၁၆ | ၈၄၉ | ၉၅၆ | ဗမာ |
| ၄ | | ကြာကန် | ၂၅ဝ | ၄၃၂ | ၄၆၇ | ဗမာ |
| ၅ | | လျှော်ဖြူ (မြောက်) | ၁၈၆ | ၄၇၆ | ၄၃၂ | ဗမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

(၂) ၁

### "ခံစပ်ကုန်း (အနောက်) ကျေးရွာ၏ သမိုင်းအကျဉ်းချုပ်"

"တည်နေရာ"

မြင်းခြံ-ရေဝန်းလမ်းမကြီး၏ လမ်းပိုင်းတစ်နေရာ နွားထိုးကြီး-မြင်းခြံ အကြားရှိ လမ်းမကြီးပေါ်မှ မြောက်အရပ်ဆီသို့ လှမ်းမျှော် ကြည့်ရှုလိုက်လျှင် မြင့်မားထည်ဝါလှသော တောင်စဉ်တောင်တန်းတို့ကို တွေ့မြင်နေရပေလိမ့်မည်။ ထိုတောင်စဉ်တောင်တန်းများတွင် အရှေ့အရပ်ဆီမှ " က " ပုံသဏ္ဍာန်ပမာ ထီးထီးမားမားအပြိုင်ပေါ်ထွက်နေသော တောင်ညီနောင်ကို တွေ့မြင်ရပေမည်။ ထိုတောင်ညီနောင်သည်ကား နွားထိုးကြီးမြို့နယ်၏ အထင်ကရ ဂုဏ်ဆောင် 'စကြာတောင်' ပင်ဖြစ်ပေတော့သည်။

ထိုစကြာတောင်၏ အနောက်ဘက် (တောင်ခြေ)တွင် ခံစပ်ကုန်းကျေးရွာ တည်ရှိ၏။ ခံစပ်ကုန်းကျေးရွာသည် နွားထိုးကြီးမြို့၏ အနောက်-မြောက်ဘက် (၁၂)မိုင်ခန့်အကွာ မြောက်လတ္တီကျူ $21^0\ 28'\ 26''$ ၊ အရှေ့လောင်ဂျီကျူ $95^0\ 35'\ 35''$ အတွင်း၌ တည်ရှိပေသည်။

### "ခံစပ်ကုန်းကျေးရွာဟု ပြောင်းလဲ ဖြစ်ပေါ်လာပုံ အဆင့်ဆင့်"

ခံစပ်ကုန်းကျေးရွာဟုဆိုလိုက်လျှင် အိမ်ထောင်စုဦးရေ (၃၀၀)ကျော်စီ ဒေသီးသီးရှိကြသော (အရှေ့ရွာ + အနောက်ရွာ) ရွာကြီး (၂)ရွာ ဖြစ်သည်ကို သိထားရပေမည်။ ခံစပ်ကုန်း အရှေ့ရွာနှင့်အနောက်ရွာသည် စာသင်ကျောင်းသာ ခြားလျက်ရှိပြီး အရှေ့ဘက်ရွာသည် ရွာမ၊ အနောက်ဘက်ရွာကို ရွာသစ်ရွာဟူ၍ ရှေးယခင်က ခေါ်တွင်ခဲ့ကြပါသေးသည်။

အဆိုပါကျေးရွာ (၂)ရွာ၏ ဖြစ်ပေါ်လာပုံ အတိတ်သမိုင်းကို လေ့လာကြည့်လျှင် အခေါ်အဝေါ် အရသာလျှင် (အရှေ့ရွာ-အနောက်ရွာ)ဟူ၍ (၂)ရွာ ကွဲပြားနေသော်လည်း ကျေးရွာစတင်ပေါ်ပေါက်လာပုံ နှင့် အချိန်ကာလမှာ တူညီနေကြောင်း လေ့လာတွေ့ရှိရပေလိမ့်မည်။ တစ်ရွာတည်းပင်ဖြစ်ခဲ့ပြီး ရပ်ကွက် (သို့မဟုတ်) အပိုင်း (သို့မဟုတ်) ချောင် အနေဖြင့်သာ ကွဲပြားသွားရာမှ အရှေ့ရွာ-အနောက်ရွာ (၂)ရွာ ဖြစ်လာခဲ့သည်ဟု ယူဆရပါသည်။

ရှေးယခင်က ရွာဦးကုန်းကျောင်းတိုက် ဆရာတော် ဦးကုဏ္ဍလ၏ မှတ်တမ်း၊ မှတ်စုစာအုပ်တွင် တွေ့ရှိချက်အရ သက္ကရာဇ် ၁၂၀၁ခုနှစ်တွင် ခံစပ်ကုန်း အရှေ့ရွာ နေရာသို့ ဦးစံမွေး+ဒေါ်ဖယ်ပျော် မိသားစု တို့သည်လည်းကောင်း၊ ခံစပ်ကုန်း အနောက်ရွာ နေရာသို့ ဦးဖိုးစောနောင်+ဒေါ်မယ်မုန်း တို့သည်လည်းကောင်း အခြေချနေထိုင်ရာမှ အစပြုခဲ့သည်ဟု သိရသည်။ ထိုအချိန် အဆိုပါ မိသားစုတို့သည် ရွာတစ်ရွာအဖြစ် နေထိုင်ခဲ့ခြင်းမဟုတ်ဘဲ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ရန် ပြောင်းရွှေ့လာကြသော တဲစုလေးမျှသာ ဖြစ်သည်။ ထိုတဲစု နေရာများကို ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း ဟူ၍ ခေါ်ဆိုခဲ့ကြသည်။ အဆိုပါ ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း နေရာဝန်းကျင်တွင် ထိုအချိန်က ခံဇက်ပင်များ ပေါများစွာ ပေါက်ရောက်လျက်ရှိကြောင်း(ယခု ဘုပွါးအနီးတွင် တွေ့ရှိရသေး) သိရပါသည်။ ရှေးခေတ်လူတို့သည် ထိုခံဇက်ပင်များကို ခုတ်ထွင် ရှင်းလင်း၍ ရေကြည်ရာ မြက်နုရာ ဖြစ်သောသိုဒေသသို့ တောင်ယာလုပ်ငန်း လုပ်ကိုင်ခြင်း၊ အခြေချနေထိုင်ခြင်း များ ပြုလုပ်လာကြရာမှ ထိုနေရာကို "ခံဇက်ပင်ကုန်း" ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။ ထိုအချိန်က အဆိုပါနေရာတွင် လူနေအိမ်(၂၅)ဦးခန့် ရှိနေပြီဟု ဆိုကြ၏။

ထို့နောက် တစ်ဖန် သီပေါမင်း ပါတော်မူပြီးနောက် သက္ကရာဇ်၁၂၄၈ ခုနှစ် (ကိုလိုနီခေတ်) တွင် မင်းလောင်းမဟာ ရာဇစိန်ခ ဆိုသူမှ လူသူလက်နက် စုရုံးပြီး စကြာတောင် ထိပ်မှ ခံ၍ နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန် တိုက်ခိုက်ခဲ့၏။ ထိုအခါ မဟာစေတီတော်မြတ်နှင့် သာသနိက အဆောက်အဦများ ပျက်စီးခဲ့ရလေသည်။

ထိုသို့သော အခြေအနေများကြောင့် မြန်မာလူမျိုးတို့သည် စကြာတောင်ထိပ်မှ ဆုတ်ခွာပြီး ခံဇက်ဖင်ကုန်းသို့ ပြောင်းရွှေကာ ခံတပ်ချ၍ တော်လှန်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ခံဇက်ပင်ကုန်းဟု ခေါ်သော လူနေတဲစုများ ရှိရာနေရာသို့ မြန်မာလူမျိုးတို့၏ ခံတပ်များ ချထားရာမှ "ခံဇက်ပင်ကုန်း" မှ "ခံတပ်ကုန်း" ဟု ခေါ်ဆိုခဲ့ကြပြန်ပါသည်။

ဤသို့ဖြင့် ရှေးယခင်က ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း ဒေသဝန်းကျင်တွင် ခံဇက်ပင်များ ပေါများသည်ကို အစွဲပြု၍ ခံဇက်ပင်ကုန်း ဟူ၍လည်းကောင်း၊ ၎င်းဒေသသို့ မြန်မာတို့၏ ခံတပ်များ ချထားသည်ကို အစွဲပြု၍ "ခံတပ်ကုန်း" ဟူ၍ လည်းကောင်း ခေါ်ဆိုခဲ့ကြရာမှ နှစ်ကာလများစွာ ရွေ့လျားလာသောအခါ "ခံဇက်ပင်ကုန်း မှ ခံတပ်ကုန်း"၊ "ခံတပ်ကုန်း မှ ခံစပ်ကုန်း" ဟူ၍ အဆင့်ဆင့် ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်ဟု ဆိုရမည် ဖြစ်ပေတော့သည်။

(ခံတပ်စခန်း ချထားသည့် နေရာအချို့တွင် လွန်ခဲ့သော နှစ် (၄၀)ခန့် အထိ အုတ်နံရံများ၊ မြေကတုတ်ကျင်း များ စသည့် သဲလွန်စများ တွေ့ရှိခဲ့ရသေးသည်ဟု လူကြီးသူမများ၏ ပြောပြချက်အရ သိရသည်။ ခံစပ်ကုန်း အနောက်ရွာ တွင် ထိုခေတ်က (စခန်းဟု ယူဆရသည့်) လက်နက်ကြီး ဖိုမှန်ထားသော ရှေးဟောင်း တိုက်ကြီးမှာ ယနေ့အချိန်ထိ တည်ရှိနေပေသေးသည်။)

## "ရိုးရာ ယဉ်ကျေးမှု"

ခံစပ်ကုန်း ကျေးရွာ၌ မြန်မာနိုင်ငံတွင် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ခု ထိန်းသိမ်း ထားဆဲရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ထိုအရာသည်ကား ရှေးခေတ် မြန်မာတို့၏ ဆံကေသာ ယဉ်ကျေးမှုပင် ဖြစ်သည်။ ယောကျ်ားကလေးများဆိုလျှင် ဦးစွန်းဖုတ် ထားခြင်း၊ မိန်းကလေး များသည် ဆံရစ်ဝိုင်းနှင့် ဆံတောက်များ ထားရှိကြသော ဓလေ့မှာ ယနေ့အချိန်အထိ တွေ့မြင်ရမည် ဖြစ်သည်။ လာရောက်လည်ပတ် လေ့လာသူများကတော့ **"ဆံရစ်ဝိုင်းတို့ရွာ"** ဟူ၍ တင်စားခေါ်ဆိုလျက် ရှိကြသည်။

## "မြန်မာ့ သမိုင်းဝင် အမွေအနှစ်"

ထိုဒေသသည် ရှေးယခင်ကတည်းက ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း ရှေးခေတ်သမိုင်းဝင် အမွေအနှစ်များက သက်သေပြလျက် ရှိပါသည်။ စကြာတောင်ပေါ်နှင့် ထိုဒေသဝန်းကျင်တွင် ပုဂံခေတ် လက်ရာများ ပြင်သော ကျောက်ထွင်း လိုဏ်ဂူများ၊ ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော်များ၊ ကျောက်ထွင်းလမ်းများ (ကျောက်လှေကား) ကုန်းဘောင်ခေတ်လက်ရာများ ဖြစ်သော ကျောက်ထွင်း လိုဏ်ဂူများနှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ အနော်ရထာမင်း (၁၁၁) အလောင်းစည်သူ (၄၇၇)နှင့် တစ်စီးရှင်သီဟသူ(၆၇၄) တို့ မင်းအဆက်ဆက် တည်ထားကိုးကွယ် ပြုပြင် နှမ်းမံခဲ့သော "မြစည်းခုံဓာတုစေတီတော်"၊ သီဟသူမင်းနှင့် ရဟန္တာထွေးတို့ သမုတ်ခဲ့သော မဟာသိမ်တော် တို့ကို လေ့လာဖူးမြော် ကြည်ညိုနိုင်ပါသည်။ ရွာဦး အလယ်ကျောင်းတိုက်တွင် ရှေးယခင်က သစ်သားရုပ်စုံ ကျောင်းတော် ကြီးရှိပြီး ထိုကျောင်းတော်ကြီးကို အင်္ဂလိပ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု သိရပါသည်။ ယခုအခါတွင်လည်း ရှေးဟောင်း အမွေအနှစ်အချို့ကို လေ့လာတွေ့ရှိနိုင်ပါသေးသည်။

ခံစပ်ကုန်း အနောက်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၃)ကျောင်း၊ အရှေ့ရွာတွင် (၃)ကျောင်း တောင်ပေါ်တွင် (၁)ကျောင်း စုစုပေါင်း (၇)ကျောင်း ရှိပြီး အခြားတောရကျောင်းများလည်း ရှိသည်။

## "စီးပွားရေး လုပ်ငန်း"

ဟိုအချိန်က ခံစပ်ကုန်း အနောက်ကျေးရွာ၏ အဓိကစီးပွားရေး လုပ်ငန်း (အသက်မွေးဝမ်းကြောင်း)မှာ တောင်သူနှင့် ထန်းတက်ခြင်းအလုပ်တို့ကို လုပ်ကိုင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်(၂၀)ခန့်မှ အခြေအနေကို ပြန်ကြည့်လျှင် ကျေးရွာရှိ အိမ်ထောင်စု ဦးရေ၏ ၄၅%သည် ထန်းသမား၊ ၃၀%သည် တောင်သူ၊ ၂၅%ခန့်မှာ အလုပ်သမားများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ပန်းပဲ၊ ပန်းချီ၊ ပန်းတိမ် စသော လက်မှုပညာရှင်များနှင့် အနုပညာရှင် (ဆိုင်းပညာ)များ လည်း ထွန်းကားခဲ့ပေသည်။ အမျိုးသမီး အများစုမှာ ယက်ကန်း၊ ဗိုင်း၊ ချည် လုပ်ငန်းတို့ကိုလည်း တွဲဖက်လုပ်ကိုင်ခဲ့ ကြသည်။

ယခုအခါတွင်တော့ မိုးလေဝသအခြေအနေနှင့် လူဦးရေများပြားလာသည်နှင့်အမျှ (မြေယာပိုင်ဆိုင်မှုများ နည်းပါးလာကာ) တောင်သူလုပ်ငန်းဖြင့် အသက်မွေးရန်မှာ မလွယ်ကူတော့ပေ။ ထန်းသမားများမှာလည်း ဈေးကွက် အခြေအနေအရ ဝမ်းစာရေးအတွက် မဖြစ်နိုင်တော့ပေ။ ထိုသို့သော အခြေအနေများကြောင့် မိသားစု အချို့မှာ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့သွားကြသည်များလည်း ရှိကြသည်။ အမျိုးသား အများစုမှာ တစ်နယ်တစ်ကျေးနှင့် တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ အမျိုးသမီး(အားလုံးနီးပါး) များသည် ဆေးလိပ်လုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာရှိ မိသားစု (အိမ်ထောင်စု) ဦးရေ၏ ၉၉.၉%ခန့်မှာ ထိုဆေးလိပ်လုပ်ငန်းကို အမှီပြု၍ အသက်မွေးဝမ်းကြောင်း ပြုရပါသည်။

(မှတ်ချက်။ ။အပြီးပြောင်းရွှေ့သွားသော မိသားစုဦးရေ (၃၀) ဦးခန့်၊ ခေတ္တမိသားစုလိုက်သွားရောက် လုပ်ကိုင်လျက်ရှိသောဦးရေ (၂၅)ဦးခန့်၊ တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်သူ (၁၄၁)ယောက်)

## "ပညာရေး အခြေအနေ"

ခံစပ်ကုန်း အနောက်ကျေးရွာသည် ခေတ်ပညာရေးနှင့် ပတ်သက်၍ များစွာ နောက်ကျကျန်ခဲ့ရပါသည်။ အရှေ့ရွာ-အနောက်ရွာ (၂ ရွာပေါင်း) ရွာ(၂)ကြားတွင် အစိုးရစာသင်ကျောင်း ရှိပါသော်လည်း ရွာသူ/သားအများစုမှာ စီးပွားရေး အခက်အခဲနှင့် အမြော်အမြင်နည်းပါးမှုတို့ကြောင့် ခေတ်ပညာရေးဘက်တွင် စိတ်ဝင်စားမှု မရှိခဲ့တဲ့ ဘုန်းတော်ကြီးကျောင်းများတွင်သာ ရင်သွေးငယ်အများစု အပ်နှံခဲ့ကြပြီး လောကုတ္တရာစာပေ (ပညာရေး)သာ ထွန်းကားခဲ့သည်။ အစိုးရကျောင်းသို့ တက်ရောက်ကြသော ကလေးငယ် အနည်းစုမှာလည်း (၄)တန်းအောင်လျှင် တတ်ပြီဟု ဘဝင်မှတ်ကာ တောင်သူ လုပ်မှု၊ ထန်းတက်မှု ထမင်းစားရမည်၊ ကြီးပွားချမ်းသာမည် ဟူသော အစွဲများ ကျောင်းထွက် ခဲ့ကြပါ၏။ ထို့ကြောင့် ပညာရေးဖြင့် အသက်မွေးသော (အစိုးရဝန်ထမ်း)ဟူ၍ ယနေ့အချိန်ထိ မရှိခဲ့သေးပေ။

ဤသို့သော အခြေအနေများကြောင့် ဆရာတော် ဘဒ္ဒန္တ တေဇဝန္တသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ဘ/က ကျောင်း တည်ထောင်၍ မိမိကျောင်းရှိ ရင်သွေးငယ်များနှင့် ကျေးရွာအတွင်းရှိ ကျောင်းနေအရွယ် ကလေးသူငယ်များကို စည်းရုံးကာ မူလတန်း အဆင့်ကို စတင် အကောင်အထည်ဖော် သင်ကြားစေခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် (မူလွန်)၊ ၂၀၁၃-၂၀၁၄တွင် အလယ်တန်း အဆင့်အထိ တိုးမြှင့်ကာ ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ ယခုအချိန်အခါတွင် ခေတ်ပညာတတ် ဘွဲ့ရ လူငယ်မောင်မယ်များစွာ မွေးထုတ်ပေးနိုင်လျက်ရှိသည်။

## "ရာသီ ပွဲတော်များ"

ခံစုပ်ကုန်း ကျေးရွာတွင် ရာသီအလိုက် ပွဲများစွာရှိသော်လည်း၊ စကြာတောင် ဘုရားပွဲတော်မှာ လူသိများ၍ ထင်ရှားလှပါသည်။ ထိုပွဲတော်သည် တောင်ပြုံးပွဲတော်နှင့် အပြိုင် နှစ်စဉ် ဝါခေါင်လဆန်း(၈)ရက်မှ လပြည့်ကျော်(၅)ရက် အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။ နွားထိုးကြီးမြို့နယ်၏ အစည်ကားဆုံးသော ပွဲတော်ဖြစ်ပြီး မြို့အသီးသီး၊ နယ်အသီးသီးမှ လာရောက်ကြသော ဘုရားဖူး ပရိသတ်များဖြင့် နှစ်စဉ် စည်ကားလျက် ရှိသည်။

## "သွားလာ ဆက်သွယ်ရေး"

စကြာတောင်ဒေသ၊ ဆံရစ်ဝိုင်းတို့မြေ- ခံစပ်ကုန်းကျေးရွာသည် မြင်းခြံ-ရေဝန်း လမ်းမကြီး၏ မိုင်တိုင် အမှတ် ၁၄/၁ သို့ ရောက်လျှင် သာယာကုန်းကားဂိတ် (စကြာတောင်လမ်းခွဲ) မှ မြောက်စူးစူးသို့ ကျောက်ကြမ်းလမ်း အတိုင်း သွားလာရပါသည်။ မင်းရွာ-ကူကုန်းကျေးရွာ များသို့ ဖြတ်ကျော်ပြီးလျှင် အရှေ့စူးစူးသို့ မြေသားလမ်းအတိုင်း သွားရမည် ဖြစ်သည်။ မိုးရာသီတွင် သွားလာရ မလွယ်ကူပေ။

## "နိဂုံးချုပ်"

စကြာတောင်ဒေသ၊ ခံစပ်ကုန်းကျေးရွာသည် သူ့ကျွန်မခံလိုသော ရှေးခေတ်မြန်မာတို့၏ ခံတပ်များတည်ရှိခဲ့ရာ နိုင်ငံတော်နှင့် ဒေသခံ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ၊ ရှေးခေတ်မြန်မာတို့ အမြတ်တနိုးတန်ဖိုးထားခဲ့သော ဆံရစ်ဝိုင်းတို့ ပျော်စံရာ၊ နောက်ခံသမိုင်းကြောင်း နှင့် ရေမြေတောတောင် သဘာဝအခြေအနေများက အတိတ်ကာလမှသည် ယနေ့ခေတ် အထိတိုင် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားလျက်ရှိသည်ကို အထင်းသား ဖော်ပြလျက် ရှိနေပေတော့သည်။

၅။ (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ကျေးရွာ - ခဲစပ်ကုန်း (နောက်) ရွာ
အုပ်စု - ဘူးကိုင်း

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ချက်

ခဲစပ်ကုန်း (နောက်) ရွာသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထားသော ရွာတစ်ရွာဖြစ်သည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ထန်းတောင်သူ အနည်းငယ်ရှိသည်။ ပိုင်ဆိုင်မှုကို ဆန်းစစ်ကြည့်သည့်အခါ အမျိုးသားတွေက ထိန်းချုပ်မှုပိုများကြသည်။ အမျိုးသမီးတွေကတော့ အိမ်မှုကိစ္စကိုသာ လုပ်ကိုင်ရန် အချိန်ကုန်ကြသည်။

ဥစ္စာဓနကြွယ်ဝမှုရယားကို ကြည့်ခြင်းအားဖြင့် စီးပွားရေးအဆင့်အတန်းကော သော ရွာဖြစ်သည်။ ရွာတွင်း၌ အဖွဲ့အစည်းများ (သာသနာရေး၊ နာရေး၊ ဖွံ့ဖြိုးရေး) သည် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းပါသည်။ ရာသီခွင်ပြ-ပြက္ခဒိန်ကို ကြည့်ခြင်းအားဖြင့် ရွာတွင် လုပ်ငန်းသိမ်းချိန် ပြာသို၊ တပို့တွဲ၊ တပေါင်းလများ၌သာ အလုပ်ရှုပ်ကြသည်။


အမျိုးသားတွေက ဦးဆောင်မှုအားကောင်းသဖြင့် ဝင်ငွေရရှိမှုများပါသည်။ အမျိုးသမီးတွေမှာတော့ ဝင်ငွေရရှိမှုနည်းပါးကြသည်။ ရွာတွင် ဘုန်းတော်ကြီးပညာရေးသင်ကျောင်း နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ-တို့ရှိပါသည်။

## (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ( Social Map / Resource Map) | ၂၁.၃.၂၀၁၇ | ကျေးရွာလူထု | ၁၅ | ၁၇ | ၃၂ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေခံအနေနှင့်လယ်မြေစိုက်ခင်းပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၁၀.၃.၂၀၁၇ | ကျေးရွာလူထု | ၂၀ | ၂၅ | ၄၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေးရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၁၀.၃.၂၀၁၇ | ကျေးရွာလူထု | ၁၀ | ၂၅ | ၃၅ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၀.၃.၂၀၁၇ | ကျေးရွာလူထု | ၁၅ | ၂၅ | ၄၀ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြားချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၀.၃.၂၀၁၇ | ကျေးရွာလူထု | ၁၅ | ၁၈ | ၃၃ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ် မှတ်ခြင်း ( Wealth Ranking) | ၁၀.၃.၂၀၁၇ | ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဉစ္စာ၊ဓနအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေ ရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



ကျေးရွာ-ခံစပ်ကုန်း (အနောက်)　　　　ရက်စွဲ-၂၀.၃.၂၀၁၇

အုပ်စု-သရူးကိုင်း

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

(ဆွေးနွေးချက် ၊ ဆန်းစစ်ချက်)

* ရွာမှာ စိုက်ပျိုးရေးကို အဓိကထား၍လုပ်ကိုင်ကြသည်။

* အခြားအသက်မွေးဝမ်းကြောင်း အနေနှင့်ကတော့ ဆေးလိပ်ခုံခွဲမှု
သဲ ဂဝေဝလုပ်ငန်းများ ၊ ဈေးဆိုင်များ ၊ အခြားမြို့များသို့ ဖဲရိုက်ထွ
လက်သမား၊ ပန်းရံ


* ရွာရှိ အခြေခံအဆောက်အအုံများမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ
ရေတွင်း၊ ရေကန်၊ စာသင်ကျောင်း ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊
လျှပ်စစ်မီးလိုင်းရှိ (မလုံလောက်)

* လိုအပ်သော အခြေခံအဆောက်အအုံများ
လျှပ်စစ်မီးတိုင်၊ ကြိုးဝိုင်ချ၍ သွယ်တန်းပေးရန်၊ ရွာတွင်းလမ်း-
ပြုပြင်ပေးရန်၊ ရေကန်ခြံစည်းကာရန်၊ ရေပေးဝေရေးစနစ်ဆောင်
ရွက်ပေးရန်



ကျေးရွာသူ၊ ကျေးရွာသားများကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲနေစဉ်

## (ခ) ရာသီခွင်ပြပြက္ခဒိန်



ကျေးရွာအုပ်စု - ဘူးကိုင်း
ကျေးရွာ - ခံစပ်ကုန်း (အနောက်)

နေ့စွဲ - ၂၀.၃.၂၀၁၇

## ရာသီခွင်ပြ ပြက္ခဒိန်
(ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

① အဓိက တွေ့မြင်ရသော အကြောင်းအရာများ
⇒ ရာသီမိုးလေဝသ၊ စိုက်ပျိုးရေး၊ ဝင်ငွေရရှိမှု

② ရွာမှာ အဓိကစိုက်ပျိုးသီးနှံများ ⇒ ပဲစင်းငုံ၊ ပြောင်း၊ မြေပဲ၊ ပဲအမျိုးမျိုး

③ ဝင်ငွေကောင်းသော လများ ⇒ ဝါခေါင်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း
ဝင်ငွေရှားသော လများ ⇒ တန်ခူး၊ ကဆုန်၊ တော်သလင်း၊ တန်ဆောင်မုန်း၊ နတ်တော်

④ အမျိုးသားလုပ်အားခ (နေ့စား) = ၅၀၀၀ ကျပ်
အမျိုးသမီးလုပ်အားခ (နေ့စား) = ၃၀၀၀ ကျပ် } ၂၀၀၀ ကျပ်
အမျိုးသားလုပ်အားခ ပိုများရခြင်းမှာ အမျိုးသားများက ပို၍လုပ်ငန်း ဆောင်နိုင်သောကြောင့် ဖြစ်သည်။

⑤ ဝင်ငွေမလုံလောက်သော အချိန် ⇒ ငွေချေးယူ၊ ဖရဲစိုက်တွက်၊ နိုင်ငံခြား ထွက် လုပ်ကိုင်ကြရသည်။

⑥ ကျန်းမာရေး (ဝမ်းပျက်ရောဂါ၊ အအေးမိ) ဖြစ်သောလများ ⇒ တန်ဆောင်မုန်း ပြာသို

⑦ ရွာမှာ အလုပ်အရှုပ်ဆုံးအချိန် ⇒ ဝါခေါင်၊ တပို့တွဲ၊ တပေါင်း
အလုပ်အရှားဆုံးအချိန် ⇒ တန်ခူး၊ ကဆုန်၊ တော်သလင်း တန်ဆောင်မုန်း၊ နတ်တော်

ဂ) ရွာ၏ စီးကတ်နှင့်လုပ်ငန်းများကို အကောင်အထည်ဖော်သော၊ ဈေး
ပေါ အချိန် ⇒ တန်ခူး၊ ကဆုန်၊ နတ်တော်၊ တော်သလင်း၊
တန်ဆောင်မုန်း



**ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ**

## (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာ - ခံစပ်ကုန်း (နောက်) ဥစ္စာဓန ကြွယ်ဝမှုဇယား ရက်စွဲ - ၂၀.၃.၂၀၁၇

အုပ်စု - ဘူးကိုင်း

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့် (၁) | ထိုက်၊ ယာ၊ လှည်း၊ နွား၊ ကား၊ ဆိုင်ကယ် | ၁၅ | ၄% |
| အဆင့် (၂) | နံကန်၊ ထော်လာဂျီ၊ လှည်း၊ နွား၊ ယာ၊ ဆိုင်ကယ် | ၁၇၀ | ၄၅% |
| အဆင့် (၃) | အိမ်၊ ခြံ၊ ပိုင်ပိုင်နိုင်နိုင်၊ လက်လုပ်လက်စား၊ ဆိုင်ကယ် | ၁၂၂ | ၃၂% |
| အဆင့် (၄) | အိမ်၊ ခြံပိုင်၊ ယာပိုင်၊ ခွေး၊ လက်လုပ်လက်စား၊ မှီခို | ၇၀ | ၁၉% |
| စုစုပေါင်း | | ၃၇၇ | ၁၀၀% |

ကျေးရွာအုပ်စု - ဘုံကိုင်း နေ့စွဲ - ၂၀.၃.၂၀၁၈
ကျေးရွာ - ခံစပ်ကုန်း (နောက်)

ဥစ္စာဓနကြွယ်ဝမှုပြ ဇယား
(ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

(၁) ရွာ၌ အိမ်ထောင်စု (၃၇၇)စု ရှိပါသည်။

(၂) ရွာ၌ အဆင့် (၁) အိမ်ထောင်စု → (၁၅)စု၊ အဆင့် (၂) အိမ်ထောင်စု → (၁၇၀)စု၊ အဆင့် (၃) အိမ်ထောင်စု → (၁၂၂)စု၊ အဆင့် (၄) အိမ်ထောင်စု → (၇၀)စု


* အဆင့် (၃) နှင့် အဆင့် (၄) အိမ်ထောင်စုများကိုလည်း စီမံကိန်းလုပ်ငန်းများတွင် ပါဝင်လာအောင် ဆွေးနွေး၊အစည်းအဝေးတက်၊ဆုံ ဖြစ်ရာတွင် ပါဝင်နိုင်သင့်ပါသည်။

(၃) ရွာတွင် စီမံကိန်းလုပ်ငန်းစုများဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အလုပ်လုပ်ချင်သော ရွာသူ၊သားများ ဆင်းရဲနွမ်းပါးသူ အလုပ်လက်မဲ့များအနေဖြင့် ကျွမ်းကျင်လုပ်သား၊ နေ့စားလုပ်သားများအဖြစ် ပါဝင်လုပ်ကိုင်ခွင့်ရခြင်းဖြင့် ဝင်ငွေရရှိ ဆင်းရဲနွမ်းပါးမှုကို လျော့ချပေးနိုင်ခဲ့သည်။



**ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာနေကြွယ်ဝမှုပြဇယားရေးဆွဲနေပုံ**

## (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



ကျေးရွာအုပ်စု - ဘုံးကိုင်း နေ့စွဲ - ၂၀.၃.၂၀၁၇
ကျေးရွာ - ခံစပ်ကုန်း (ရှေ့ဂက်)

ပေါင်းကူးအစီအစဉ်သုံးသပ်ခြင်း
(ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

၁ အမျိုးသားများသည် အိမ်ထောင်မှုကိစ္စတွင် အမှတ်နည်း၊ ခေါင်းဆောင်မှုနည်းသော်လည်း ကျန်အကြောင်းအရာများတွင် ခေါင်းဆောင်မှုအားကောင်းနေပါသည်။

၂ အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စတွင် ခေါင်းဆောင်မှုအားကောင်းသော်လည်း ကျန်အကြောင်းအရာ၊ အဖွဲ့အစည်းများတွင် အမှတ်နည်းနေပါသည်။

၃ အဓိက ကွာဟနေသော အကြောင်းအရာများမှာ
⇒ အိမ်ထောင်မှုကိစ္စ၊ လုပ်ခြင်းမှု၊ ကျန်းမာရေး၊ ဆုံးဖြတ်ချက်၊ ပိုင်ဆိုင်မှု တို့တွင်ကွာဟနေရခြင်းမှာ အမျိုးသမီးများသည် ကိုယ်ကိုကိုယ် ယုံကြည်အားနည်းခြင်း၊ ယဉ်ကျေးမှုအရ၊ အမျိုးသားများ၏ လွှမ်းမိုးမှုများခြင်းကြောင့် ဖြစ်သည်။


၄ အမျိုးသားများနှင့် အမျိုးသမီးများ ကွာဟချက်မရှိဘဲ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားများအနေဖြင့် အမျိုးသမီးများကို နေရာပေး၊ လက်တွဲခေါ်၊ ကူညီသင်ကြားပေးခြင်း၊ သင့်သည်။

၅ ကျေးရွာအုပ်စုတွင် အမျိုးသမီးများ တင်ပြသောလုပ်ငန်းများ၊ အမျိုးသမီးများအတွက် တကယ်အခက်အခဲကြုံရသော လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားပေးသင့်ပါသည်။



**ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ**

**(င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား**



ကျေးရွာအုပ်စု - ဘုံးကိုင်း နေ့စွဲ - ၂၀.၃.၂၀၁၇

ကျေးရွာ - ခံစပါကုန်း (အနောက်)

အဖွဲ့အစည်းချိတ်ဆက်မှုပြပုံစံ

(အဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

① ကျေးရွာအတွင်းမှာ အဖွဲ့အစည်း (၁၁) ဖွဲ့ ရှိပါသည်။

② ရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်သော အဖွဲ့များ

⇒ ဗီးကော်မတီ ၊ ကျောင်းကော်မတီ ၊ ကျန်းမာရေးအဖွဲ့ ၊ မတ်ဖြန့်ဝေ ၊ နိုးကပ်း သာသနာရေးလုပ်သော အဖွဲ့များ

⇒ နာရေးကူညီမှု ၊ ဓမ္မာရုံဝတ်ရွတ်အသင်း ၊ ပရဟိတ

လုံခြုံရေး နှင့် အုပ်ချုပ်ရေးလုပ်သော အဖွဲ့မှာ ရပ်ကျေးအုပ်ချုပ်ရေးမှူး (ရာအိမ်မှူး)

အဖွဲ့စည်းထားသော အဖွဲ့များတွင် အမျိုးသမီးများ ပါဝင်မှု အခွင့် အလာင့်ရှိပါသည်။

③ ကျေးရွာပြင်ပတွင် အဖွဲ့အစည်း (၈) ဖွဲ့ ရှိပါသည်။ ၎င်း

(ရဲစခန်း ၊ မြို့နယ်ဆေးရုံ ၊ ကျေးလက် ၊ လဝကရုံး ၊ မြို့နယ်ပညာရေးမှူး ထွေအုပ်ရုံး ၊ လျှပ်စစ်ရုံး)

၎င်းအဖွဲ့များသည် ကျေးရွာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းနေပါသည်။

④ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများသည်လည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု အားကောင်းနေပါသည်။

⑤ စီမံကိန်းတွင် ကော်မတီများဖွဲ့ရာတွင် အမျိုးသားနှင့် အမျိုးသမီး အချိုးညီ ဖွဲ့ပေးရမည်ဖြစ်သောကြောင့် အမျိုးသမီးများသည် ပျော်ရွှင် ၊ လုပ်ကိုင်ဆောင်ရွက်ချင်စိတ်များ ရှိနေပါသည်။



ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ

**(စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား**

ကျေးရွာအုပ်စု – ဘုရားကိုင်း                    နေ့စွဲ – ၂၀.၃.၂၀၁၇

ကျေးရွာ – ခံစပ်ကုန်း (နောက်ကပ်)

"အရင်းအမြစ် ထိန်းချုပ်မှုပြပုံ"

| ကျား | မ | ကျား၊မ |
|---|---|---|
| ထန်းတက် | ထန်းလျက်ချက် | ဆေးလိပ်ခုံ |
| ကား | ရွှေ၊ငွေ လက်ဝတ်ရတနာ | တောင်သူ |
| ထော်လာဂျီ | | ဈေးရောင်း |
| ထွန်စက် | | ဘုန်းကြီးကျောင်း |
| လက်သမား | | |
| ပန်းရံ | | |
| လှည်း၊နွား | | |
| ရက်ကန်းစင် | | |
| မီးဖိုချောင် | | |
| စက်ချုပ်စက် | | |
| လယ် | | |
| စာသင်ကျောင်း | | |
| ဆိုင်ကယ် | | |
| စက်ဘီး | | |
| ဆေးခန်း | | |

ကျေးရွာအုပ်စု - သူးကိုင်း ရက်စွဲ - ၂၀.၃.၂၀၁၇

ကျေးရွာ - ခံစပ်ကုန်း (နောက်)

ပိုင်ဆိုင်မှုသုံးသပ်ခြင်း

(ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

၁ အမျိုးသားများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းများမှာ → ထန်းတက်၊ ကား၊ ထော်လာဂျီ၊ တွန်းစက်၊ လက်သမား၊ ပန်းရံ၊ လှည်း -

၂ အမျိုးသမီးများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းများမှ → ထန်းလျက်ချက်၊ ရက်ကန်းစင်၊ မီးဖိုချောင်၊ စက်ချုပ်စက်

၃ အမျိုးသား + အမျိုးသမီးများအားလုံး အသုံးပြုသော အဆောက်အဦးလုပ်ငန်းများ ⇒ ဆေးလိပ်ခုံ၊ ကောင်ဘူ၊ ဈေးရောင်း၊ လမ်း၊ စာသင်ကျောင်း ဘုန်းကြီးကျောင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆေးခန်း

၄ ယခုအသုံးပြုသော အဆောက်အဦးလုပ်ငန်းများကို အသုံးပြုဖို့၊ မပြုဖို့ ပိုင်သင့်၊ မပိုင်သင့် ဆုံးဖြတ်ချက်ကို အမျိုးသားများက ထိန်းချုပ်ချမှတ်ပေးနေမှု များနေခြင်းသည် အမျိုးသမီးများအနေဖြင့် မပေ့သူတာန်၍ မလုပ်တတ်၊ မဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။

၅ မိသားစု၊ ရပ်ရွာအတွင်း အသုံးပြုမှုခွင့် ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသား + အမျိုးသမီးများ အတူတကွ တက်ညီလက်ညီ စုဝိုင်းဆုံးဖြတ် လုပ်ကိုင်တတ်ချင်၊ သင့်ပါသည်။



**ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ**

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









၆။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-[illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| မြန်မာပြည်နယ်/တိုင်းဒေသကြီး ပဲခူး မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၇၇ | ဘာသာ (၁) ဗုဒ္ဓ | ၂၇၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၂ | | ၄၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၇၁၀၀ | ၁၃၀၀ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၀၇ | ၇၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☑ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် ဘကကျောင်း | | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်မနေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားမှလာ: |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | <u>မြေသားလမ်း</u> | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — <u>ရှိပါသည်</u>/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--၂၀၁၉/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — <u>ပြုခဲ့ပါသည်</u>/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၃---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ (၂၀) မိနစ်

ခြောက်သွေ့ရာသီတွင်ကြာချိန်--(၂၀) မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီဝင်ကြာချိန် ၄၇၅၇ ခုနှစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ---------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးလှမြိုင်

လက်မှတ် [illegible] နေ့စွဲ ၂၀.၃.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် စော်သူရာအောင်

လက်မှတ် [illegible] နေ့စွဲ ၂၀.၃.၂၀၁၇

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

### ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သူဇာအောင်

နေ့စွဲ ၂၀.၃.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| မြန်မာ/တိုင်း | မန္တလေး | မြို့နယ် | နွားထိုးကြီး | ကျေးရွာအုပ်စု | ဘူးကုန်း | ကျေးရွာ | ခံစဉ်ကုန်း (အနောက်) |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀.၃.၂၀၁၇ | ၂၀.၃.၂၀၁၇ | ၉၅ | ၁၃၀ | ၂၁၉ | ၂၂၅ | ဗ၊ခ၊က |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၃.၂၀၁၇ | ၂၁.၃.၂၀၁၇ | ၈၄ | ၁၁၈ | ၂၀၁ | ၂၀၂ | ဗ၊ခ၊က |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၈.၃.၂၀၁၇ | ၂၈.၃.၂၀၁၇ | ၇[illegible] | ၁၀ | ၂၉ | ၂၉ | ဗ၊ခ၊က |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၈.၅.၂၀၁၇ | ၈.၅.၂၀၁၇ | ၁၁၆ | ၁၆၆ | ၂၈၂ | ၂၈၂ | ဗ၊ခ၊က |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဘုရားဇော်အောင် |
| နေ့စွဲ ၂၁.၃.၂၀၁၇ ‖ စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး ‖ မြို့နယ် နွားထိုးကြီး ‖ ကျေးရွာအုပ်စု ဘူးကိုင်း ‖ ကျေးရွာ ခံစပ်ကုန်း (မြောက်) |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာလမ်းတိုင်း မီးတိုင်မလုံလောက် | ၁ | မိုးတွင်း သွားလာရေးခက်ခဲ |
| ၂ | မိုးတွင်း သွားလာရန်ခက်ခဲ (ရွာတွင်းလမ်း) | ၂ | အရေးပေါ်လူနာများ ညအခါ သွားလာရေးခက်ခဲ |
| ၃ | သုံးစွဲရေ လုံလောက်မှုမရှိ | ၃ | သုံးစွဲရေ လုံလောက်မှုမရှိ |
| ၄ | ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်မှုမရှိ | ၄ | စာပေဗဟုသုတ အားနည်း |
| ၅ | ရေကန်တစ်ခု ကျွဲနွားအိတ်များ ဝင်သဖြင့် သန့်ရှင်းမှုမရှိ | ၅ | ကျန်းမာရေးစောင့်ရှောက်မှု အားနည်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာလမ်းတိုင်း မီးလင်းစေချင် | ၁ | ရာသီမရွေး သွားလာရေး အဆင်ပြေချင် |
| ၂ | ရာသီမရွေး သွားလာရေး အဆင်ပြေချင် | ၂ | ညအခါ သွားလာရေး အဆင်ပြေချင် |
| ၃ | သုံးစွဲရေ လုံလောက်/လွယ်ကူစွာရချင် | ၃ | သုံးစွဲရေ လုံလုံလောက်လောက် ရရှိရန် |
| ၄ | ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝရချင် | ၄ | စာပေဗဟုသုတ တိုးပွားရန် |
| ၅ | ရေကန် သန့်ရှင်းစေချင် | ၅ | ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်မှုရှိချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး ကိုင်း/ကြိုးတိုးချဲ့ရန် | က+မ | ၁၀,၀၀၀,၀၀၀ | ၂၄၀၀ |
| ၂ | ရွာတွင်းလမ်း | က+မ | ၁၂,၀၀၀,၀၀၀ | ၂၄၀၀ |
| ၃ | ရေပေးဝေရေးစနစ် | က+မ | ၁၆,၀၀၀,၀၀၀ | ၂၄၀၀ |
| ၄ | အားကစားကွင်း | က+မ | ၂၀,၀၀၀,၀၀၀ | ၂၄၀၀ |
| ၅ | ရေကန်ပြုပြင်/ဝန်းကာရန် | က+မ | ၁၀,၀၀၀,၀၀၀ | ၂၄၀၀ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | ရွာဘုံအဆောက်အဦး | က | |
| ၂ | လူနာတင်ယာဉ် | က+မ | |
| ၃ | မီးသတ်ကား | က | |
| ၄ | ဆေးဝါးနှင့် ဆရာမ | က+မ | |
| ၅ | အသက်မွေးဝမ်းကြောင်းသင်တန်း | က+မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးထွန်းဝင်း လက်မှတ် [signature] နေ့စွဲ ၂၃၊ ၃၊ ၂၀၁၇

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲများ |
|---|---|
| ၆။ | နွေရာသီ မီးဘေးအန္တရာယ် အခက်အခဲရှိခြင်း |
| ၇။ | စာကြည့်တိုက်မရှိ၍ လူငယ်များ ဗဟုသုတအားနည်း |
| ၈။ | ကလေးများ အားကစား လေ့ကျင့်ရန် ကစားကွင်းမရှိ |
| ၉။ | ကျန်းမာရေးအတွက် သွားလာရန် ခက်ခဲမှုရှိခြင်း |
| ၁၀။ | ရွာဘုံပစ္စည်း ထိန်းသိမ်းရန်ခက်ခဲ |
| ၁၁။ | အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေ နည်းပါးမှု |

| စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲများ |
|---|---|
| ၆။ | ကလေးများ စာသင်ရန် ကျောင်းဆောင်လုံလောက်မှုမ |
| ၇။ | ဘောလုံးကွင်း နေရာကျဉ်း၍ ကစားရာတွင် ခက်ခဲ |
| ၈။ | ဆေးရုံ၊ ဆေးခန်း သွားလာရာတွင် အခက်အခဲ |
| ၉။ | မိုးရာသီတွင် ကျွဲ၊ နွားများ ဝင်ရောက်၍ ရေမသန့်ရှင်း |
| ၁၀။ | စားဝတ်နေရေးခက်ခဲ၊ ဝင်ငွေနည်း |

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ |
|---|---|
| ၆။ | မီးဘေးအန္တရာယ်ဖြစ်ခဲ့လျှင် ငြိမ်းသတ်နိုင်ရန် |
| ၇။ | လူငယ်များ ဗဟုသုတရရှိရန် |
| ၈။ | ကလေးများ အားကစားကို ကောင်းကောင်းမွန်မွန် လေ့ကျင့်ခွင့်ရချင် |
| ၉။ | ကျန်းမာရေးအတွက် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန် |
| ၁၀။ | ရွာဘုံပစ္စည်းများကို လုံခြုံစိတ်ချစွာ ထားနိုင်ရန် |
| ၁၁။ | အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေရရှိရန် |

| စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ |
|---|---|
| ၆။ | စာသင်ကျောင်းဆောင် လုံလောက်မှုရှိချင် |
| ၇။ | ဘောလုံးကွင်း နေရာကျယ်၍ အားကစားကို ကောင်းကောင်းမွန်မွန် လေ့ကျင့်ချင် |
| ၈။ | ဆေးရုံ၊ ဆေးခန်းသို့ အဆင်ပြေသွားလာနိုင် |
| ၉။ | မိုးရေကန် သန့်ရှင်းရန် |
| ၁၀။ | ပုံမှန်ဝင်ငွေရချင်၊ စားဝတ်နေရေး အဆင်ပြေချင် |

၁၁။ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ဘုရာဇေဇာဝင်

နေ့စွဲ ၂၈.၃.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ငွာဇိုးကြီး | ကျေးရွာအုပ်စု ဘုံးကိုင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ခဲစပ်ကုန်း(မြောက်) | ရေပေးဝေရေး နှင့် ရေစစ် | (၂၄၀၀) ဂါလံ | ၁၀၀၅ | □ ကျား □ မ ☑ ကျား+ မ | ၁၁,၅၀၀,၀၀၀ | | - | |
| ခဲစပ်ကုန်း(တောင်) | လျှပ်စစ်မီးတိုင် ကြိုးတိုးချဲ့ရေး | ပေ ၁၀၀၀၀ | ၂၄၀၀ | □ ကျား □ မ ☑ ကျား+ မ | ၁၀,၀၀၀,၀၀၀ | | - | |
| ဘုံးကိုင်း | လျှပ်စစ်မီးလင်းရေး | ၃၀တိုင် | ၅၂၁ | □ ကျား □ မ ☑ ကျား+ မ | ၁၁,၆၀၀,၀၀၀ | | - | |
| ကြာကန် | လျှပ်စစ်မီးလင်းရေး | ၃၂တိုင် | ၈၉၉ | □ ကျား □ မ ☑ ကျား+ မ | ၁၃,၀၀၀,၀၀၀ | | - | |
| ဈေးဖြူ(မ) | ရွာပြင်လမ်း (ရွာချင်းဆက်လမ်းသွင်းလမ်း) | ပေ ၂၀၀၀ | ၉၀၈ | □ ကျား □ မ ☑ ကျား+ မ | ၁၁,၅၀၀,၀၀၀ | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌအမည် ဦးလေးဝင်း လက်မှတ် [signature] ရက်စွဲ ၂၈.၃.၂၀၁၇

၁၂။အစည်းဝေးမှတ်တမ်းများ

ပထမအကြိမ် - အစည်းအဝေးမှတ်တမ်း

ကျေးရွာ - ခံစပ်ကုန်း (ဇေနဂက်) ရက်စွဲ - ၂၀.၃.၂၀၁၇

နေရာ - ဘုန်းကြီးကျောင်း

အစည်းအဝေးအချိန် ။ ၁၂:၀၀ နာရီ

၁၂:၀၀နာရီ*အစည်းအဝေးချိန်တွင် ရပ်မိရပ်ဖ ဦးလှမြင့်မှ အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။

၁၂:၀၅ နာရီ*လူထုမှပါဝင်ပြီး မီးခံကိန်း ဖိတ်ခေါ်ခက် (၁၅) ချက်ကို ဆရာမဒေါ်သူဇာအောင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

၁၂:၄၅ နာရီ* မီးခံကိန်းတစ်ကျော့ကို ဆောင်ရွက်သွားမည့် မီးခံကိန်းစက်ဝန်း အကြောင်းကို ဆရာဦးအေးထွန်းနိုင်မှ ရှင်းလင်းပြောကြားခဲ့သည်

၁:၁၅ နာရီ ဆရာမဒေါ်ဝေဝေခြင့်မှလည်း မီးခံကိန်းတွင် တာဝန်ရှိသူနှင့်တို့၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့သည်

၁:၄၅ နာရီ * ဆရာဦးအေးထွန်းနိုင်၊ ဆရာမဒေါ်သူဇာအောင် နှင့် ဆရာမ - ဒေါ်ဝေဝေခြင့်တို့သည် စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကို အစုလိုက်ဝင်ရောက်သူ အမျိုးသား (၃၀ ဦး၊ အမျိုးသမီး (၃၀ ဦး)ထဲ ခဲ့စဉ်ဖြင့် အမျိုးသား (၁၀ ဦး) နှင့် အမျိုးသမီး (၂၀ ဦး) တို့ကို ရွေးချယ်ခဲ့ပါသည်။

၂:၂၀ နာရီ * လူမှုရေးနှင့် အရေးပေါ်အစီအစဉ်ပြု မြေပုံရေးဆွဲခြင်းနှင့် ဆန်းစစ်ခြင်း ဆရာအေးထွန်းနိုင်မှ ဦးဆောင်ပြီး အမျိုးသား (၁၅) ဦး၊ အမျိုးသမီး (၁၇) ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဥက္ကာဓနပိုင်ဆိုင်ရာဗဓခဝင့်သတ်မှတ်ခြင်းကို ဆရာမဝေဝေမြင့် ဦးဆောင်၍ အမျိုးသား <၂၀> ဦး၊ အမျိုးသမီး <၂၀> ဦးတို့ဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

ရာသီခွင်ပြုပြင်ကွဒ်နံကို ဆရာမဒေါ်သုဇာဒေဝီ ဦးဆောင်၍ အမျိုးသား <၁၀> ဦး၊ အမျိုးသမီး <၂၅> ဦးတို့ဖြင့် ဆွေးနွေး- ဆောင်ရွက်ခဲ့သည်။

အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုကို ဆရာမသုဇာဒေဝီ ဦးဆောင်၍ အမျိုးသား <၁၅> ဦး၊ အမျိုးသမီး <၁၈> ဦးတို့ဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ပင့်ကူအိမ်ခွဲသုံးသပ်ချက်ကို ဆရာမဝေဝေမြင့် ဦးဆောင်၍ အမျိုးသား <၂၀> ဦး၊ အမျိုးသမီး <၂၅> ဦးတို့ဖြင့် ဆွေးနွေးခဲ့သည်

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံကို ဆရာဒေါ်အေးမွန်နိုင် ဦးဆောင်၍ အမျိုးသား <၁၅> ဦး၊ အမျိုးသမီး <၂၅> ဦးတို့ဖြင့် ဆွေးနွေး- ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးစတင်ချိန် - ၁၂:၀၀ နာရီ

အစည်းအဝေးပြီးဆုံးချိန် - ၃:၃၀ နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ* အမျိုးသား = ၉၅ ယောက်

အမျိုးသမီး = ၁၃၀ ယောက်

ဒုတိယအကြိမ် အစည်းအဝေး

ကျေးရွာ - ခဲစပ်ကုန်း (နောက်)　　　　　ရက်စွဲ - ၂၀.၃.၂၀၁၇

အုပ်စု - ဘုန်းကိုင်း

အစည်းအဝေးချိန် — ၁၂:၃၀ နာရီ

၁၂:၃၀ နာရီ * အစည်းအဝေးစချိန်တွင် ရာအိမ်မှူး ဦးလှကြိုင်မှ အဖွင့်အမှာ
စကား ပြောကြားခဲ့ပါသည်။ ကော်မတီဝင်များနှင့်စည်းဝေးတွင်
အားလုံးမှ ပေါင်းပါဝင်ပေးရန်နှင့် အစည်းအဝေးပြီးဆုံးသည်
အထိ တက်ရောက်ပေးကြရန် ပြောကြားခဲ့ပါသည်။

၁၂:၄၀ နာရီ * လူမှုဝန်းစစ်ချက်များကို ကျေးရွာသူ/ရွာသားများမှ
ပြန်လည်သင်ပြဆွေးနွေးခဲ့ပါသည်။

၁:၂၀ နာရီ * ပြဿနာ အခက်အခဲ၊ မျှော်မှန်းချက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းစ
သော အစီအစဉ်မှာ အမျိုးသားနှင့်အမျိုးသမီး သီးသန့်အ
ဖွဲ့ဖွဲ့၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပြီး လုပ်ငန်းမှ
ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဦးစားပေးအဆင့်သတ်မှတ်ခဲ့

၂:၀၀ နာရီ * စီမံကိန်းမှ ချမှတ်သော အကျုံးဝင်သောလုပ်ငန်း၊ အကျုံး
မဝင်သောလုပ်ငန်းများ အကြောင်းကို လူထုစည်းရုံးရေးမှူး
ဦး အေးထွန်းနိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

၂:၃၀ နာရီ * လူထုမဟာပိုင်ပြင်စီးဝတ်နိုင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
နှင့်အကာအကွယ်ပေးမှုများအကြောင်းကို လူထုစည်းရုံးရေးမှူး
ဒေါ်ရဝါမှ ရှင်းလင်းပြောကြားခဲ့ပါသည်။

၃:၀၀ နာရီ * လူထုမဟာပိုင်ပြင်စီးဝတ်နိုင်း၌ ဖွဲ့စည်းဝေဘာကူညီဘောင်အဖွဲ့ဝင်
ကျေးရွာလူထုမှ တက်ရောက်လာသော ရွာသူရွာသားများ
ကို ကော်မတီများအဖြစ်ပါဝင်ရန် လူထုစည်းရုံးရေးမှူး
ဒေါ်ထက်ထက်ဇော်ဝင်းမှ ဆွေးနွေးပြီး မဲစနစ်ဖြင့် ရွေးချယ်
စိစစ်အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

၃:၄၅ နာရီ * ကော်မတီများကို မဲစနစ်ဖြင့် ရွေးချယ်ပြီးနောက်
(၁၀-၂၁)တွင် လိုပ်ရေးအကျဉ်းအချက်အလက်များ ပေးဖြည့်
ဖြည့်စွက်ပြီး လက်မှတ်ရေးထိုးခဲ့ကြသည်။

၄:၀၀ နာရီ * အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးကြောင်း ကော်မတီ
ဝင်များနှင့်အတူ မှတ်တမ်းတင်ခဲ့ပါသည်။

အစည်းအဝေးစချိန် - ၁၂:၃၀ နာရီ
အစည်းအဝေးပြီးဆုံးချိန် - ၄:၀၅ နာရီ
အစည်းအဝေးတက်ရောက်သူဦးရေ * အမျိုးသား = ၈၄ ယောက်
* အမျိုးသမီး = ၁၁၈ ယောက်

## ၁၃။ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

သူ့ကိုင်းအုပ်စု၊ ခံစပ်ကျွန်း (မြောက်) ရွာ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSG တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လျှပ်စစ်မီးတိုင်ကြိုး ဝယ်ယူရေး | ☐မ ☑ကျား | ကျေးရွာလူထု | လူထု မဟုတ်ဘဲ [illegible] |
| | ၂ | ရွာတွင်းလမ်း | ☑မ ☑ကျား | မရှိသေးပါ။ | မရှိသေးပါ။ |
| | ၃ | [illegible] | ☑မ ☑ကျား | မရှိသေးပါ။ | မရှိသေးပါ။ |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး/ အသက်မွေးဝမ်းကျောင်း | ၁ | စက်ချုပ်/စက်ပြင် | ☑မ ☑ကျား | မရှိသေးပါ။ | မရှိသေးပါ။ |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး ကျန်းမာရေး | ၁ | လူနာတင်ယာဉ် | ☑မ ☑ကျား | မရှိသေးပါ။ | မရှိသေးပါ။ |
| | ၂ | ဆေးဝါးနှင့်ဆေးပစ္စည်း | ☑မ ☑ကျား | မရှိသေးပါ။ | မရှိသေးပါ။ |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | ဒီဘားကတော်ကွမ်း | ☑ မ ☑ ကျား | မဖြစ်သေးပါ | မဖြစ်သေးပါ။ |
| | ၂ | ရေပေးဝေရေး | ☑ မ ☑ ကျား | မဖြစ်သေးပါ | မဖြစ်သေးပါ။ |
| | ၃ | ရေကန်ဖြိုဝန်းကာရှိ | ☑ မ ☑ ကျား | မဖြစ်သေးပါ | မဖြစ်သေးပါ။ |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

ခံစပ်ကူနီ (နောက်)

၁၄။ VDP အရည်အသွေး ထိန်းချုပ်မှု

ထိန်းချုပ်သူ ဒေါ်သူဇာအောင် ရက်စွဲ- ၂၈.၇.၂၀၁၇ ရွာ-ခံစပ်ကုန်း (နောက်) VDP ရက်စွဲ ၂၈-၇-၂၀၁၇

မြို့နယ်-နွားထိုးကြီး ကျေးရွာအုပ်စု- ဘူးကိုင်းကျေးရွာအုပ်စု

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား

- ရှိ
- မရှိ

○ စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက်
(အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –